NETWORK FOR HUMAN RIGHTS DOCUMENTATION - BURMA
PO Box 67, CMU Post Office, Chiang Mai 50202, Thailand, Mobile: +66 (0) 819 615 991, Tel/Fax: +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ
# (ဇန္နဝါရီ- ဇူလိုင် ၂၀၁၀)


လူ့အခွင့်အရေး မှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) (အဲန်ဒီ ဘားမား) သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများမှ စစ်အစိုးရ၏ အာဏာအလွဲသုံး ဖိနှိပ်ချုပ်ချယ်မှုများကို မည်သို့ဆန့်ကျင် ရင်ဆိုင်သည်ဆိုသည့် ဖြစ်ရပ်မှန် အမှန်တရားများအား စုဆောင်းဖော်ထုတ်ကာ စည်းရုံးတိုက်တွန်း ရှေ့ဆောင်သည့် နည်းလမ်းဖြင့် ငြိမ်းချမ်းသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အတွက် အဆင်သင့်ဖြစ်အောင် လုပ်ဆောင်နေသည့် လူ့အခွင့်အရေးအဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် ကွန်ယက်အဖွဲ့အစည်း ဖြစ်ပါသည်။ အဲန်ဒီ ဘားမား အနေဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်းစုများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ အဖိနှိပ်ခံအစုအဖွဲ့များအား စောင့်ကြည့်လေ့လာကာ ထိုအစုအဖွဲ့များအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအားလည်း စနစ်တကျမှတ်တမ်းတင်ပါသည်။ အဲန်ဒီ ဘားမား အနေဖြင့် စောင့်ကြည့်မှတ်တမ်းတင်မှုများအား မြန်မာတပြည်လုံးအတိုင်းအတာဖြင့် မဆောင်ရွက်နိုင်သေးသော်ငြားလည်း မြန်မာနိုင်ငံ တွင်းရှိ ဒေသအနှံ့အပြားတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အမျိုးအစား ခေါင်းစဉ် (၁၆)ခု ဖြင့်မှတ်တမ်းတင် စောင့်ကြည့်ပါသည်။ ပုံမှန်လေးလပတ် အစီရင်ခံစာများမှတဆင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု နောက်ဆုံးအခြေအနေများသာမက အခြေအနေအချိန်အခါပေါ်မူတည်ကာ ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား စာရင်းဇယားများနှင့်တကွ အတတ်နိုင်ဆုံး တိကျစွာဖော်ပြထားပါသည်။ ယခုအစီရင်ခံစာတွင် (၇)လအတွင်းကောက်ယူ ရရှိထားသည့် ရွေးကောက်ပွဲအကြိုကာလတွင်ဖြစ်ပွားသည့် ရွေးကောက်ပွဲနှင့်ပတ်သက်သော ချိုးဖောက်မှုများအား သီးခြား ဦးစားပေး ဖော်ပြပေးထားပြီး ရွေးကောက်ပွဲကာလတလျှောက်လုံးတွင်ဖြစ်ပွားနိုင်သည့် ချိုးဖောက်မှုများအားလည်း စောင့်ကြည့် မှတ်တမ်းပြုကာ ကျယ်ပြန့်တိကျသည့် အစီရင်ခံစာများ ဆက်လက်ထုတ်ပြန် သွားမည် ဖြစ်ပါသည်။

## ဇန္နဝါရီ-ဇူလိုင်လ ၂၀၁၀ အတွင်း အဲန်ဒီ ဘားမားမှ ကောက်ယူရရှိထားသည့် ရွေးကောက်ပွဲနှင့်ပတ်သက်ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

ရွေးကောက်ပွဲအကြိုကာလဖြစ်သည့် ၂၀၁၀ ဇန္နဝါရီလမှ ဇူလိုင်လအထိ စစ်အစိုးရနှင့် လက်ကိုင်တုတ်များမှ ကျူးလွန်သည့် ရွေးကောက်ပွဲနှင့်ပတ်သက်ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၆၀) အား အဲန်ဒီဘားမားမှ စုဆောင်း မှတ်တမ်းတင်ထားပါသည်။ အောက်ဖော်ပြပါ ချိုးဖောက်မှုများအား စာရင်းဇယား သက်သေအထောက်အထား များနှင့်တကွ မှတ်တမ်းပြုစုထားပါသည် -

| လူ့အခွင့်အရေးချိုးဖေါက်မှုအမျိုးအစား | အမှုပေါင်း |
|---|---|
| အကြမ်းဖက်ရန်ခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှုနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်မှုများ | ၁၆ |
| လွတ်လပ်စွာ သွားလာခွင့်အား ငြင်းပယ်ပိတ်ပင်မှု | ၁၄ |
| စိတ်ထင်တိုင်း ဖမ်းဆီး ချုပ်နှောင်မှု | ၈ |
| အဓမ္မ လုပ်အားပေးခိုင်းစေမှု | ၈ |
| လွတ်လပ်စွာ ဖွင့်ဟ၊ ဖော်ထုတ်၊ စုရုံး၊ ဖွဲ့စည်းခွင့်အား ငြင်းပယ်ပိတ်ပင်မှု | ၈ |
| တရားဝင်ဆုံးဖြတ်နိုင်ခွင့်အပေါ် ပိတ်ပင်မှု (ဥပမာ ကိုယ်ကြိုက်သည့်ပါတီအား မဲပေးခွင့်မရှိမှု) | ၄ |
| ကိုယ်ကြိုက်သည့်ပါတီတွင်ပါဝင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်အပေါ်ပိတ်ပင်မှု | ၁ |

| | |
|---|---|
| ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု | ၁ |




မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲသည် ဒီမိုကရေစီ၊ လုံခြုံမှု နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး စသည့် မြန်မာပြည်သူပြည်သားများ၏ လိုလားတောင့်တချက်များအား ဖြည့်ဆည်းပေးမည့် ရွေးကောက်ပွဲများ မဟုတ်ပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ တိုင်းရင်းသားလူမျိုးစုပေါင်းများစွာတို့သည် ချွတ်ချော်မှားယွင်းစွာ ရေးဆွဲအတည်ပြုထားသည့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့် စစ်အစိုးရ၏ ရက်စက်ကြမ်းတမ်းသော ဖိနှိပ်ချုပ်ချယ် အနိုင်ကျင့်မှုများကြောင့် ၎င်းရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ၂၀၁၀ ခုနှစ် ဇန္နဝါရီလမှ ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲနှင့် ဆက်နွယ်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၆၀) အား အဲန်ဒီဘားမားမှ မှတ်တမ်းပြုစု ထားပါသည်။


ထိုအမှု (၆၀) ထဲမှ (၂၇) ရာခိုင်နှုန်းသောအမှုများသည် အကြမ်းဖက်ရန်ခြိမ်းခြောက်မှု၊ အနိုင်ကျင့်ဖိအားပေးမှုနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်မှုများဖြစ်ပါသည်။ အမှုများထဲတွင် အရပ်သားများအား ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သင်တန်းများ အတင်းအကျပ်တက်ခိုင်းခြင်းနှင့် မတက်ရောက်ပါက ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအား အလှူငွေ မထည့်မနေရ ထည့်ရခြင်းနှင့် ပါတီဝင်အဖြစ် လူဦးရေစာရင်းပေးရခြင်း တို့ပါဝင်ပါသည်။ ဥပမာအားဖြင့် အချို့ကျေးရွာများတွင် ရွာလူကြီးမှ တအိမ်တယောက် ပါတီဝင်အဖြစ်ဝင်သည့် စာရင်းအား ကြံ့ဖွံ့ပါတီ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်များသို့ တင်သွင်းရပါသည်။ (၂၃) ရာခိုင်နှုန်းသော အမှုများသည် လွတ်လပ်စွာသွားလာခွင့်အား ငြင်းပယ်ပိတ်ပင်မှုများဖြစ်ပါသည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲကာလတွင် ဆန့်ကျင် လှုံ့ဆော်စည်းရုံးမည်ဟု စစ်အစိုးရမှ သံသယရှိသူ ရဟန်းသံဃာများနှင့် အခြားသော ဩဇာရှိသူ အရပ်သားများအနေဖြင့် အနီးကပ်စောင့်ကြည့်ခံရသည့်အပြင် ခရီးသွားလာခွင့်လည်း ပိတ်ပင် ခံကြရပါသည်။ (၁၃) ရာခိုင်နှုန်းသောအမှုများသည် ရွေးကောက်ပွဲများအား ဆန့်ကျင်ဝေဖန်သူများအား စိတ်ထင်တိုင်း ဖမ်းဆီး ချုပ်နှောင်မှုများ ပါဝင်ပါသည်။ အလားတူပင် (၁၃) ရာခိုင်နှုန်းသောအမှုများတွင် အရပ်သားများအား ကြံ့ဖွံ့ပါတီနှင့် အခြားသောစစ်အစိုးရလက်ကိုင်တုတ်ပါတီများအတွက် သတင်းပေးလုပ်ပေးရန် အဓမ္မလုပ်အားပေးခိုင်းစေမှုများ ပါဝင်ပါသည်။ လွတ်လပ်စွာ ဖွင့်ဟ၊ ဖော်ထုတ်၊ စုရုံး၊ ဖွဲ့စည်းခွင့်အား ငြင်းပယ်ပိတ်ပင်မှုများသည်လည်း ချိုးဖောက်မှု (၆၀) တွင် (၁၃) ရာခိုင်နှုန်းပါဝင်ပါသည်။ တရားဝင် ဆုံးဖြတ်နိုင်ခွင့်အပေါ် ပိတ်ပင်မှုများတွင် အရပ်သားများအား နိုင်ငံသားကဒ်များ ပြုလုပ်ပေးခြင်း၊ ဗလီများပြုပြင်ပေးခြင်းနှင့် ကြံ့ဖွံ့ပါတီအားမဲပေးစေရန် အခြားသော ငွေကြေးထောက်ပံ့မှု အမျိုးမျိုးနှင့် မဲဝယ်မှုများ ပါဝင်ပါသည်။

## ၂၀၁၀ ခုနှစ်ဇန်နဝါရီလမှဇူလိုင်လအထိ အဲန်ဒီ ဘားမားမှ ကောက်ယူရရှိထားသည့် မြန်မာနိုင်ငံတွင်းဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ

အဲန်ဒီ ဘားမားမှ စစ်အစိုးရနှင့် ၎င်း၏လက်ကိုင်တုတ်များမှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၃၅၂)မှု ကောက်ယူရှိထားပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများအား အောက်ဖော်ပြပါ စာရင်းဇယားနှင့်တကွ မှတ်တမ်း ပြုစုထား ပါသည် -

| လူ့အခွင့်အရေးချိုးဖေါက်မှုအမျိုးအစား | အမှုပေါင်း |
|---|---|
| စိတ်ထင်တိုင်း တရားမဝင် ဖမ်းဆီး၊ ထိန်းသိမ်း ချုပ်နှောင်ထားမှု | ၄၄ |
| အိုးအိမ် လယ်ယာ သိမ်းပိုက်မှုနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ ဖျက်ဆီးမှု | ၅၆ |
| အစအနပျောက်ဆုံးသွားမှု | ၈ |
| အဓမ္မ လုပ်အားပေးခိုင်းစေမှု | ၆၉ |
| အဓမ္မ အိမ်ထောင်ပြုစေမှု | ၇ |
| အဓမ္မ ပြည့်တန်ဆာလုပ်စေမှု | ၆ |
| အဓမ္မ နေရာရွှေ့ပြောင်းစေမှု | ၁၆ |
| လူကုန်ကူးမှု | ၁၄ |
| သတ်ဖြတ်မှု | ၁၆ |
| လွတ်လပ်စွာ ဖွင့်ဟ ဖော်ထုတ် စုရုံးခွင့်အား ဟန့်တားနှောက်ယှက် ပိတ်ပင်မှု | ၃၃ |
| လွတ်လပ်စွာ သွားလာခွင့်အား ဟန့်တားနှောက်ယှက် ပိတ်ပင်မှု | ၃ |
| အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | ၆ |
| မုဒိမ်းမှု အဓမ္မပြုကျင့်မှု | ၅ |
| ကလေးစစ်သားအသုံးပြုမှု | ၂၂ |
| ညှဉ်းပမ်းနှိပ်စက်မှု လူမဆန်စွာ သိက္ခာချမှု | ၄၇ |
| စိတ်ထင်တိုင်း အခွန်ကောက်ခံမှု (သီးခြားဖေါ်ပြမှုစာပိုဒ်တွင်ကြည့်ပါ) | ၂၃၈ |

အထက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်၊ ကယား (ကရင်နီ) ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် ရှမ်းပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သည်များကို ဖေါ်ထုတ်တင်ပြခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲနှင့် ဆက်စပ် ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှု (၂၅) မှုအားလည်း ယခုစုစုပေါင်းစာရင်းတွင်လည်း ထပ်မံထည့်သွင်း ဖော်ပြထား ပါသည်။




## ၂၀၁၀ ခုနှစ် ဇန္နဝါရီလမှ ဇူလိုင်လအထိ အဲန်ဒီ ဘားမားမှ ကောက်ယူရရှိထားသည့် မြန်မာနိုင်ငံတွင်းဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ယေဘုယသုံးသပ်ချက်

ယခုအစီရင်ခံစာတွင် ၂၀၁၀ ခုနှစ် ဇန္နဝါရီလမှ ဇူလိုင်လအထိ ကောက်ယူရရှိထားသည့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု (၃၅၂) မှုအား ဖော်ပြထားပါသည်။ အဓမ္မ လုပ်အားပေးခိုင်းစေမှုများမှာ များသော အားဖြင့် စစ်အခြေစိုက်စခန်းများအတွင်း သို့မဟုတ် အနီးပတ်ဝန်းကျင်များနှင့် စစ်အစိုးရမှ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများမှ လုပ်ဆောင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းကာလများတွင် အဖြစ်အများဆုံးဖြစ်ပါသည်။ ညှဉ်းပမ်းနှိပ်စက်မှုများမှာ အများ အားဖြင့် ပေါလံခေါင်ဖျား ဒေသများတွင် စစ်ဆင်ရေးများလုပ်သောကာလများအတွင်း ကျေးရွာများအားပစ်မှတ်ထား တိုက်ခိုက် သည့် အခါနှင့် ဖမ်းဆီးချုပ်နှောင်ထားသည့်အခါများတွင် ဖြစ်ပွားပါသည်။ ၎င်းလူ့အခွင့်အရေးချိုးဖေါက်မှုများထဲတွင် အဓမ္မ လုပ်အားပေး ခိုင်းစေမှု ဖြစ်ပွားနှုန်းမှာ (၂၀) ရာခိုင်နှုန်း ရှိပြီး ရာခိုင်နှုန်းအရ ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်ပါသည်။ ညှဉ်းပမ်း နှိပ်စက်မှု နှင့် စိတ်ထင်တိုင်းဖမ်းဆီးမှုတို့မှာ (၁၃) ရာခိုင်နှုန်းစီရှိကြပါသည်။ ၂၀၁၀ ခုနှစ်အတွင်း ဒုတိယအများဆုံး ဖြစ်ပွားသည့် ချိုးဖောက်မှုမှာ အိုးအိမ် လယ်ယာ သိမ်းပိုက်မှုနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ ဖျက်ဆီးမှုဖြစ်ပြီး (၁၆) ရာခိုင်နှုန်းရှိပါသည်။ အဓမ္မ အိမ်ထောင်ပြု စေမှုအား သီးခြားခေါင်းစဉ်အဖြစ်ထည့်သွင်းထားပြီး (၇) လ အတွင်း ဖြစ်ပွားသည့် အမှု (၆) ခုအား လေ့လာ သုံးသပ်နိုင်စေရန် ထည့်သွင်းထားပါသည်။ ရွေးကောက်ပွဲခေါင်းစဉ်၌လည်း လွတ်လပ်စွာ ဖွင့်ဟ ဖော်ထုတ် စုရုံးခွင့်အား ဟန့်တား နှောက်ယှက် ပိတ်ပင်မှုနှင့် လွတ်လပ်စွာ သွားလာခွင့်အား ဟန့်တားနှောက်ယှက် ပိတ်ပင်မှုများ တိုး၍ဖြစ်ပွားလာခြင်းအား ထင်ထင်ရှားရှား ထောက်ပြ ဖော်ပြထားပါသည်။

## အကျင့်ပျက်ခြစားပြီး စိတ်ထင်တိုင်း အဓမ္မအခွန်ကောက်ခံမှု




အဲန်ဒီ ဘားမားမှ ၂၀၁၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကျင့်ပျက်ခြစား စိတ်ထင်တိုင်းအခွန်ကောက်ခံမှု (၂၃၈) မှု အား မှတ်တမ်းတင် ထောက်ပြထားပါသည်။ စစ်အစိုးရမှ အခွန်ကောက်ခံခြင်းအား အစိုးရ၏ တရားဝင်လုပ်ထုံးလုပ်နည်း အဖြစ်မှ အာဏာအလွဲသုံးစားပြုကာ ဖိနှိပ်အနိုင်ကျင့်သည့် နည်းလမ်းတခုအဖြစ် ပြောင်းလဲပစ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် မည်သည့် တရားဝင်လက်ခံထားသည့် စံချိန်စံညွှန်းများနှင့်မျှ မကိုက်ညီသည့်၊ အစိုးရဘဏ္ဍာငွေများ ဗိုလ်ချုပ်များ၏ ကိုယ်ပိုင်ငွေအဖြစ်သို့ ပြောင်းလဲသွားသည်ကို မည်သို့မျှမတားဆီးနိုင်သည့်၊ လူမှုဝန်ဆောင်မှုလုပ်ငန်းများ နှင့် အစိုးရ လုပ်ငန်းဆောင်တာများအတွက် မထောက်ပံ့နိုင်သည့်၊ ပုံမှန်လုပ်ရိုးလုပ်စဉ် လူ့အခွင့်အရေး ဆိုင်ရာ ဥပဒေများ နှင့် မည်သို့မှမကိုက်ညီသည့် ခြစားသည့် အခွန်ကောက်ခံမှု စနစ်တခုအား လိုက်နာ အကောင်အထည် ဖော်နေရပါသည်။ ဝမ်းရေးအတွက် ရုန်းကန်ရသည့် မြန်မာနိုင်ငံမှ သာမန်လယ်သမားတယောက်အနေဖြင့် ၄င်းရရှိသည့် ဝင်ငွေ၏ ထက်ဝက်ကျော်အား အခွန်အဖြစ်ပေးဆောင်ရပါသည်။ "ဗိုက်မှောက်နေရသည့် ဘဝများ-မြန်မာနိုင်ငံရှိ အတင်းအကျပ်နှင့် အကျင့်ပျက်ခြစားနေသည့် အခွန်ကောက်ယူမှုစနစ်၏ မမြင်သာသည့် ဆိုးကျိုးသက်ရောက်မှုများ" အစီရင်ခံစာ အပြည့်အစုံအား အဲန်ဒီ ဘားမား၏ အင်တာနက်စာမျက်နှာ http://www.nd-burma.org တွင် ရယူဖတ်ရှုနိုင်ပါသည်။

## လူသားဖြစ်တည်မှုကို ဆန့်ကျင်ဖေါက်ဖျက်မှုနှင့် စစ်ရာဇဝတ်မှု ပဏာမသုံးသပ်ချက်

အထက်ဖေါ်ပြပါ မှတ်တမ်းအချက်အလက်များသည် စစ်အစိုးရနှင့် နောက်လိုက်နောက်ပါ အဖွဲ့အစည်းပေါင်းစုံတို့မှ ထပ်ခါတလဲလဲ အကြိမ်ကြိမ်ဖေါက်ဖျက်ကျူးလွန်နေမှုများဖြစ်ပြီး သာမန်လူ့အခွင့်အရေးချိုးဖေါက်မှု အဆင့်ထက်လွန်ကဲ၍ နိုင်ငံတကာ ရာဇဝတ်ပြစ်မှုများ ကျူးလွန်သည့်အဆင့်တွင်ရှိနေကြောင်းကို ယခုအစီရင်ခံစာမှထင်ရှားစွာ ဖေါ်ပြပေးထားပါသည်။ ၎င်းတို့ ကျူးလွန်နေသည့်ပြစ်မှုများမှာ နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ **"ရောမ သဘောတူညီချက်"** မှ ပြဋ္ဌာန်းထားသည့် လူသား ဖြစ်တည်မှုကို ဆန့်ကျင်ဖေါက်ဖျက်သည့် ဥပဒေပုဒ်မ (၇) ၏ ဆိုလိုချက်အရ မည်သည့်အရပ်သားလူထုကိုမဆိုရည်ရွယ်၍ ကျယ်ကျယ်ပြန့်ပြန့် (သို့) စနစ်တကျ စီစဉ်တိုက်ခိုက်သော၊ သိလျှက်နှင့် တိုက်ခိုက်သော ပြစ်မှုများနှင့် စစ်ရာဇဝတ်မှု ဥပဒေပုဒ်မ (၈) ၏ ဆိုလိုချက်အရ အပြည်ပြည်ဆိုင်ရာဥပဒေဘောင်အတွင်းရှိ နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခနှင့်သက်ဆိုင်သည့် ဥပဒေများကို ဆိုးဝါးစွာချိုးဖေါက်သည့်ပြစ်မှုတို့ကို ကျူးလွန်ဖေါက်ဖျက် နေကြောင်း ထင်ရှားစွာတွေ့ရှိရပါသည်။ ဤအစီရင်ခံစာ သည် ဥပဒေရေးရာသုံးသပ်မှုကို ပဏာမအဆင့်အနေနှင့်သာ ပြုလုပ်ထားခြင်းဖြစ်ပြီး အသေးစိတ် ဥပဒေရေးရာ သုံးသပ်မှု အစီရင်ခံစာကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

စိတ်ထင်တိုင်း တရားမဝင် ဖမ်းဆီး၊ ထိန်းသိမ်း ချုပ်နှောင်ထားမှု၊ လွတ်လပ်စွာ ဖွင့်ဟ ဖော်ထုတ် စုရုံးခွင့်အား ဟန့်တားနှောက်ယှက် ပိတ်ပင်မှု၊ လွတ်လပ်စွာ သွားလာခွင့်အား ဟန့်တားနှောက်ယှက် ပိတ်ပင်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု လူမဆန်စွာ သိက္ခာချမှု စသည်တို့မှာ နိုင်ငံတကာ ရာဇဝတ်ပြစ်မှု ပုဒ်မ (၇-၁) အပိုဒ် (င) နှင့် အကျုံးဝင်ပြီး ကျူးလွန်ဖေါက်ဖျက်မှုသည် စစ်ရာဇဝတ်မှု ပုဒ်မ (၈-၂) အပိုဒ် (ဃ) မှ ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဆိုင်ရာ စည်းမျဉ်း ဥပဒေဘောင်အတွင်းဖြစ်နေပါက စစ်ရာဇဝတ်မှု ပုဒ်မ (၈-၂) အပိုဒ် (ဂ) (၄) တို့ကိုကျူးလွန်ဖေါက်ဖျက်ခြင်းဖြစ်ပြီး၊ အစအန ပျောက်ဆုံးသွားမှု ဆိုလျှင်လည်း ပုဒ်မ (၇-၁) အပိုဒ် (ဈ) ကို ဖေါက်ဖျက်ကျူးလွန်ခြင်းဖြစ်ပါသည်။

အဓမ္မ လုပ်အားပေးခိုင်းစေမှု နှင့် လူကုန်ကူးမှုတို ဆိုလျှင် လူသားဖြစ်တည်မှုကို ဆန့်ကျင်ဖေါက်ဖျက်သည့် ကျေးကျွန်ပြုမှု ပုဒ်မ (၇-၁) အပိုဒ် (ဂ) တွင်အကျုံးဝင်ပြီး အဓမ္မ ပြည့်တန်ဆာလုပ်စေမှု၊ မုဒိမ်းမှု အဓမ္မပြုကျင့်မှု နှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် လူသား ဖြစ်တည်မှုကို ဆန့်ကျင်သည့်ပြစ်မှု ပုဒ်မ (၇-၁) အပိုဒ် (ဆ) နှင့် စစ်ရာဇဝတ်မှု ပုဒ်မ (၈-၂) အပိုဒ် (င-၆) တို့ကိုကျူးလွန်ခြင်းဖြစ်ပါသည်။

အဓမ္မ နေရာရွှေ့ပြောင်းစေမှု မှာ ပုဒ်မ (၇-၁) အပိုဒ် (ဃ) နှင့် စစ်ရာဇဝတ်မှု ပုဒ်မ (၈-၂) အပိုဒ် (က-၇) တို့ကို ကျူးလွန်ခြင်းဖြစ်ပြီး သတ်ဖြတ်မှုသည် ပုဒ်မ (၇-၁) အပိုဒ် (က) နှင့် (၈-၂) အပိုဒ် (က-၁)၊ ညှဉ်းပမ်းနှိပ်စက်မှုသည် ပုဒ်မ (၇-၁) အပိုဒ် (စ) နှင့် ပုဒ်မ (၈-၂) အပိုဒ် (က-၂)၊ လူမဆန်စွာ သိက္ခာချမှုသည် ပုဒ်မ (၇-၁) အပိုဒ် (ဋ) နှင့် ပုဒ်မ (၈-၂) အပိုဒ် (က-၂)၊ အဓမ္မ ကလေးစစ်သားအဖြစ် သိမ်းသွင်းခြင်း နှင့် အသုံးပြုမှုတို့သည် စစ်ရာဇဝတ်မှု ပုဒ်မ (၈-၂) အပိုဒ် (င-၇) စသည်တို့ကို ကျူးလွန်ဖေါက်ဖျက်ခြင်း ဖြစ်ပါသည်။

အထက်ဖေါ်ပြပါ နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာဥပဒေ ပဏာမသုံးသပ်မှုများကို အဲန်ဒီ-ဘားမား၏ အချက်အလက် စီမံခန့်ခွဲရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ (BLC) မှ နိုင်ငံတကာ ရာဇဝတ်ပြစ်မှု ဥပဒေရေးရာဌာနတို့ ပူးတွဲ သုံးသပ်မှု ပြုလုပ်ထားခြင်းဖြစ်ပါသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု နမူနာ အမှု။ ။ ညှဉ်းပမ်းနှိပ်စက်မှု လူမဆန်စွာ သိက္ခာချမှု**



ဂျာနယ်အယ်ဒီတာ အသက် (၄၇) နှစ်ရှိ ကိုညီညီထွန်းသည် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၄ - ရက်နေ့တွင် နေအိမ်၌ အဖမ်းခံရပြီး ရန်ကုန်တိုင်း ရဲရုံးချုပ်သို့ ခေါ်ဆောင်သွားခြင်း ခံရပါသည်။ ရဲအရာရှိ (၁၆) ယောက်မှ နှစ်ယောက်တွဲ တသုတ် အလှည့်ကျဖြင့် ကိုညီညီထွန်းအား အစာဂလင်စွာမကျွေး၊ ရေဂလင်စွာမတိုက်ပဲ စစ်ကြောရေးလုပ်ရင်း ၆ - ရက် တိုင်တိုင် ညှဉ်းပမ်း နှိပ်စက်ကြပါသည်။ ကိုညီညီထွန်းအား ရဲအရာရှိများမှ မျက်နှာအား ဖိနပ်ဖြင့်ရိုက်နက်ခြင်း၊ ကိုညီညီထွန်းအား လက်နောက်ပြန် ကြိုးတုပ်၍ ခေါင်းအား စစ်ဖိနပ်ဖြင့် ကန်ကြောက်ခြင်း၊ ကျောက်စာရစ်ခဲများပေါ်တွင် တကြိမ်လျှင် နာရီဝက်ကျော် ကြာအောင် အကြိမ်ကြိမ် ဒူးထောက်ခိုင်းခြင်း၊ လက်ချောင်းများကြားတွင် ဘောလ်ပင်များညှပ်ကာ လက်အားညှစ်ခြင်း၊ စအိုထဲသို့ နံပါတ်တုတ်ထိုးသွင်း မွှေနှောက်ခြင်း၊ နံပါတ်တုတ်ဖြင့် နောက်ကျော ရင်ပတ်နှင့် ခြေထောက်တို့အား ရိုက်နက် ခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။ ထိုကဲ့သို့ ညှဉ်းပမ်းကာ စစ်ကြောရေးလုပ်နေစဉ်ကာလ တလျှောက်လုံး ကိုညီညီထွန်းမှ အကြိမ်ကြိမ် အမှန်အတိုင်း ငြင်းပယ်ပြောကြားသည့်တိုင် ရဲအရာရှိများမှ ကိုညီညီထွန်းအား အထင်ကရ နေရာများအား ဗုံးဖေါက်ခွဲရန် ကြံစည်သည်ဟု စွပ်စွဲခဲ့ပြီး အတင်းအဓမ္မ ဝန်ခံခိုင်းကြပါသည်။ အထက်ဖေါ်ပြပါ လူမဆန်စွာညှဉ်းပန်းနှိပ်စက်ပြီးစစ်ဆေးမှုများသည် နိုင်ငံတကာ ရာဇဝတ်ပြစ် ပုဒ်မ (၇-၁) အပိုဒ် (စ) ကို ကျူးလွန်ဖေါက်ဖျက်ခြင်းဖြစ်ပါသည်။

ခြောက်ရက်ကြာပြီးသည့်နောက် ကိုညီညီထွန်းအား အောင်သပြေရှိ ရဲအထူးသတင်းတပ်ဖွဲ့၌ ပြောင်းရွှေ့ ချုပ်နှောင်ထားခဲ့ပါသည်။ အောင်သပြေ၌ ရဲအထူးသတင်းတပ်ဖွဲ့ အရာရှိများမှ ကိုညီညီထွန်း ကိုယ်ပေါ်ရှိ နှိပ်စက်မှုကြောင့်ရရှိခဲ့သည့် ဒဏ်ရာများအား တရားဝင်လုပ်ထုံးလုပ်နည်းအရ ဆရာဝန်နှင့်စစ်ဆေးခြင်း၊ ဓါတ်ပုံရိုက်ယူခြင်းအပါအဝင် မှတ်တမ်းမှတ်ရာများနှင့် မှတ်တမ်းတင်ခဲ့သည်ဟု သိရှိရပါသည်။ ထို့ကြောင့် အစိုးရ အရာရှိကြီးများ လိုအပ်၍တောင်းယူကြည့်ရှုမည်ဆိုပါက ကိုညီညီထွန်း အားညှဉ်းပမ်းနှိပ်စက်မှုနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများမှာ အဆင်သင့်ရှိနေပါသည်။ ထိုနောက်တွင် မှာတော့ ကိုညီညီထွန်းအား အင်းစိန်ထောင်သို့ ရုံးတင်တရားစွဲဆို အမှုရင်ဆိုင်ရန် ပြောင်းရွှေ့ လိုက်ပါသည်။ ယခုအချိန်တွင် စစ်အစိုးရမှ ကိုညီညီထွန်းအား ပုဒ်မ ၁၇/၁၊ ၁၃/၁၊ ၆/၁ နှင့် ၅၀၅ (ခ) တို့ဖြင့် တရားစွဲဆိုပြီး ထောင်ချနိုင်ရန်အတွက် စီစဉ်နေပါသည်။

ကိုညီညီထွန်း၏ မိသားစုမှ ထိုကဲ့သို့ညှဉ်းပမ်းနှိပ်စက်ခံရသည်ကို စစ်အစိုးရတာဝန်ရှိသူများထံသို့ ၂၀၁၀ ခုနှစ် မေလထဲတွင် တင်ပြတိုင်တန်း ထားသော်လည်း ယနေ့အချိန်အထိ မည်သည့်အရေးယူဆောင်ရွက်မှုမှ မရှိပါ။

#

အသေးစိတ်အချက်များ ထပ်မံသိလိုပါက ဆက်သွယ်ရန် -

ကိုတိတ်နိုင် kotate_9@yahoo.com (+66 (0)81 287 8751)

မွန်းနေလီ moonnayli@gmail.com (+66 (0)85 625 1912)

ကိုဟန်ကြီး (ညှိနှိုင်းဆောင်ရွက်ရေးမှူး) mghanpai@gmail.com (+66 (0)81 961 5992)

ကိုအောင်မျိုးသိန်း (အချက်အလက် မန်နေဂျာ) uaungmyothein@gmail.com (+66 (0)84 462 7528)